SME- Development Bank
Dependable Financial Partner
အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်

ANNUAL REPORT
2022- 2023



လုံခြုံ၊ စိတ်ချ၊ မှန်ကန်၊ မြန်ဆန်

www.smedevelopmentbank.com.mm

SME- Development Bank
Dependable Financial Partner

Annual Report
2022-2023
နှစ်ပတ်လည်အစီရင်ခံစာ

၁ ။ နိဒါန်း ---------- ၁

၂ ။ ဘဏ်၏ Mission, Vision, Brand Value ---------- ၂

၃ ။ ဒါရိုက်တာအဖွဲ့များ၏ ဖွဲ့စည်းပုံ ---------- ၃

၄ ။ ဘဏ်ဖွဲ့စည်းပုံ ---------- ၄

၅ ။ ကော်မတီ(၆)ရပ် ဖွဲ့စည်းပုံနှင့် အစည်းအဝေးကျင်းပမှုအခြေအနေ ---------- ၅-၇

၆ ။ Bank Activities & CSR ---------- ၈-၁၀

၇ ။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ ---------- ၁၁

၈ ၊ ဘဏ်ခွဲများဖွင့်လှစ်ထားရှိခြင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ---------- ၁၂-၁၅

၉ ။ ဘဏ်၏ရှေ့လုပ်ငန်းစဉ်များ တင်ပြချက် ---------- ၁၆-၁၇

၁၀ ။ ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များတင်ပြချက် ---------- ၁၈-၂၅

၁။ နိဒါန်း



အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ခွင့်ပြုချက်ဖြင့် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် "မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးလာသည့် မူဝါဒများနှင့်အညီ "အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်" အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ကာ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး အတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အထူးပြု၍ ဘဏ္ဍာငွေများ ပံ့ပိုးခြင်းကို အဓိက ထားဆောင်ရွက် ပေးခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမို ထိရောက်စွာ ပံ့ပိုးပေးနိုင်စေရန် ရည်မှော်လျက် ၂၀၁၉ ခုနှစ်၊ သြဂုတ်လ (၂၁) ရက်နေ့မှစ၍ ဘဏ်ကို အပြည့်အဝ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲကာ "အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ လီမိတက်" အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ဗဟိုပြုကာ အများပြည်သူသို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စတင် ကြုံတွေ့ခဲ့ရသည့် COVID-19 ၏ ရိုက်ခတ်မှုများနှင့် ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည့်ငွေရေးကြေးရေးဆိုင်ရာ အခက်အခဲများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်မှုများနှင့် အညီ ယနေ့တိုင် ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။

T-24 Core Banking System ကိုလည်း ၂၀၂၁ခုနှစ်၊ အောက်တိုဘာလတွင် အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ပြီ ဖြစ်ပြီး ယခုအခါတွင် MPU Debit Card ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကာ Mobile Banking နှင့် SME Pay ဝန်ဆောင်မှုများကိုလည်း မကြာမီ ကာလအတွင်း စတင်ဝန်ဆောင်မှုပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ အစုရှယ်ယာရှင်များအားလုံး၊ Customer များ အားလုံး ဘေးအပေါင်းမှ ကင်းဝေးကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ လန်းဖြာ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

၂။ ဘဏ်၏ Vision, Mission and Brand Values

Vision

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပြုရာတွင် ဦးဆောင်ဦးရွက်ပြုသည့် ဘဏ်ဖြစ်ရမည်။

Mission

- စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ပတ်သက်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဘဏ္ဍာ ရေးဆိုင်ရာ အထောက်အပံ့ပြုရန်။
- သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်လုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပြုရန်။
- လက်လီ/လက်ကားနှင့် ကုန်သွယ်မှု ဖြန့်ချိရေး ကဏ္ဍများအား ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ပြုရန်။
- သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်လိုအပ်ချက်အား အထောက်အကူပြုလုပ်ငန်းကဏ္ဍများတွင် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ ပြုရန်။
- အမြတ်အစွန်းရရှိနိုင်ရေးအတွက် အပ်ငွေ၊ချေးငွေအမျိုးအစားအသစ်များဖြင့် တီထွင် ကြံဆဆောင်ရွက်သွားရန်။

Brand Values





၃။ ဒါရိုက်တာအဖွဲ့များ၏ ဖွဲ့စည်းပုံ



Chairman
၁။ ဒေါ်စန်းစန်းရီ
Super One Holdings Co,Ltd.



Vice-Chairman
၂။ ဦးငြိမ်းကျော်
Nyein Kyaw NK, Legal Myanmar



Board of Director
၃။ ဦးသန်းကျော်
ရွှေဆီအုန်းကုမ္ပဏီ



Board of Director
၄။ ဦးစိန်သစ်
Tosta Group Co.,Ltd



Board of Director
၅။ ဒေါက်တာဥက္ကာသစ်လှိုင်
အမျိုးသားပွဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်(ကိုယ်စားပြု)



Board of Director
၆။ ဦးစံရွှေအောင်
အမြဲတမ်းအတွင်းဝန်(ငြိမ်း)



Board of Director
၇။ ဦးဗိုလ်ဗိုလ်ကော်ချစ်လှိုင်
Glowing Success Dragon Co.,Ltd



Board of Director
၈။ ဦးနေရွှေသွေးအောင်
YOMA's Kitchen



Independent Director
၉။ ဒေါ်သိန်းသိန်းညွန့်
တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(ငြိမ်း)

Organization Chart



၅။ ကော်မတီ(၆)ရပ် ဖွဲ့စည်းပုံနှင့် အစည်းအဝေးကျင်းပမှု အခြေအနေ

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်သည် အများပြည်သူသို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုထိရောက်စွာပံ့ပိုးပေးနိုင်ရေး၊ ဘဏ်၏ နေ့စဉ်လုပ်ငန်းများဆောင်ရွက်မှုကို အဆင်ပြေ ထိရောက်စေရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါ ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာများမှ အောက်ပါကော်မတီများတွင် ဦးဆောင်လမ်းညွှန်မှုပြုလုပ်နေပါသည်။

စဉ်	ကော်မတီ အမည်	တာဝန်	ဦးဆောင်သူ
၁။	ချေးငွေကော်မတီ	ဥက္ကဋ္ဌ	ဦးသန်းကျော် (ဒါရိုက်တာ)
၂။	ဆုံးရှုံးနိုင်ခြေနှင့်လိုက်နာဆောင်ရွက်ရေးကော်မတီ	ဥက္ကဋ္ဌ	ဦးငြိမ်းကျော် (ဒုတိယဥက္ကဋ္ဌ)
၃။	ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်စီမံခန့်ခွဲရေးကော်မတီ	ဥက္ကဋ္ဌ	ဦးငြိမ်းကျော် (ဒုတိယဥက္ကဋ္ဌ)
၄။	လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့်လစာချီးမြှင့်ရေးကော်မတီ	ဥက္ကဋ္ဌ	ဦးစံရွှေအောင် (ဒါရိုက်တာ)
၅။	သတင်းအချက်အလက်၊ဆက်သွယ်ရေးနည်းပညာနှင့်ဒစ်ဂျစ်တယ်နည်းပညာကော်မတီ	ဥက္ကဋ္ဌ	ဦးဗိုလ်ဗိုလ်ဇော်ချစ်လှိုင် (ဒါရိုက်တာ)
၆။	စာရင်းစစ်ကော်မတီ	ဥက္ကဋ္ဌ	ဦးအောင်ညွှန့် (ဘဏ်စာရင်းပိုင်းဆိုင်ရာ အတိုင်ပင်ခံ အကြံပေးပုဂ္ဂိုလ်)

အစည်းအဝေးကျင်းပမှု အခြေအနေ

စဉ်	ကော်မတီ အမည်	အကြိမ်ရေ
၁။	ဒါရိုက်တာအဖွဲ့	(၁၄) ကြိမ်
၂။	ချေးငွေကော်မတီ	(၁၀) ကြိမ်
၃။	ဆုံးရှုံးနိုင်ခြေနှင့်လိုက်နာဆောင်ရွက်ရေးကော်မတီ	(၂) ကြိမ်
၄။	ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်စီမံခန့်ခွဲရေးကော်မတီ	(၃) ကြိမ်
၅။	လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့်လစာချီးမြှင့်ရေးကော်မတီ	(၁) ကြိမ်
၆။	သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာနှင့်ဒစ်ဂျစ်တယ်နည်းပညာကော်မတီ	(၁) ကြိမ်
၇။	စာရင်းစစ်ကော်မတီ	(၁) ကြိမ်

(၁)ချေးငွေကော်မတီ



(၂)ဆုံးရှုံးနိုင်ခြေ နှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ



(၃)ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲရေး ကော်မတီ



(၄)လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးနှင့် လစာချီးမြှင့်ရေးကော်မတီ



(၅)သတင်း အချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာကော်မတီ



(၆)စာရင်းစစ်ကော်မတီ



Bank Activities & CSR

SME-Development Bank နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ ပူးပေါင်းကျင်းပသည့် သွေးလှူဒါန်းပွဲအခမ်းအနား





SME-Development Bank နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ ပူးပေါင်းကျင်းပသည့် သွေးလှူဒါန်းပွဲအခမ်းအနား





အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိသော ဘဏ်၏ ချေးငွေအမျိုးအစားများ

လုပ်ငန်းရှင်ကြီးများအတွက် အတိုးနှုန်းသက်သာသော

TERM LOAN



စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကုန်ထုတ်လုပ်ငန်းရှင်များအတွက်

CFB LOAN



SME-Development Bank နှင့် ACE Data Systems Limited တို့အကြား "Digital Banking Solutions" လုပ်ငန်းများဆောင်ရွက်နိုင်ရေး နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား





SME-Development Bank နှင့် ACE Data Systems Limited တို့အကြား "Digital Banking Solutions" လုပ်ငန်းများဆောင်ရွက်နိုင်ရေး နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား





SME-Development Bank နှင့် ACE Data Systems Limited တို့အကြား "Digital Banking Solutions" လုပ်ငန်းများဆောင်ရွက်နိုင်ရေး နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနား



SME-Development Bank ၏ ဝန်ထမ်းများအတွက် လစဉ် မွေးနေ့၊ မွေးလ ကိတ် စားဖွယ်များဖြင့် ဆုတောင်းခြင်း မင်္ဂလာ





SME-Development Bank ၏ CEC, CC, BOD လစဉ် ညှိနှိုင်း ဆွေးနွေး ပူးပေါင်းဆောင်ရွက်ခြင်း





SME-Development Bank Training





ဂျ။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့၏တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ ပြုစုထားပါသည်။

သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ

Core Banking System အား ၂၀၂၁ တွင် စတင်နိုင်ခဲ့ပြီး Product and Service ပေါင်း (၄၇)ကျော်အားလုပ်ဆောင်နိုင်ခဲ့ကာ Card Management System အား ၂၀၂၂ မတ်လတွင် စတင်နိုင်ခဲ့ပြီး MPU Debit Card ဝန်ဆောင်မှုအားပေးနိုင်ခဲ့ပါသည်။ MPU Credit Card ကိုလည်း ၂၀၂၃ အတွင်းလည်း ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ MPU Service အသုံးပြုသော ATMs, POS, E-Commence မည်သည့်နေရာတွင်မဆို အသုံးပြုနိုင်မည် ဖြစ်ပါသည်။

Digital Banking (Mobile, Internet and Wallet) ကိုလည်း ၂၀၂၃ အတွင်းစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်ဆန်းပိုင်းတွင် Customer များထံသို့ စတင် မိတ်ဆက်ပေးနိုင်ရန် ကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် Justice & Fair Group Audit Firm (JF) အား ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ထားပြီး ဖြစ်ပါသည်။

On Behalf of the Board of Directors



Daw Zin Mar Kyin
(Chief Executive Officer)
SME-Development Bank

၈။ ဘဏ်ခွဲများဖွင့်လှစ်ထားရှိခြင်းနှင့်ဘဏ်ဝန်ဆောင်မှုများ



၆၆

မြန်မာတစ်နိုင်ငံလုံးတွင်
ဖွင့်လှစ်ပြီး ဘဏ်ခွဲစုစုပေါင်း

၂၆ဘဏ်

ရှိပါသည်။

၉၉

ရန်ကုန်တိုင်း

လမ်းမတော်	မြောက်ဒဂုံ
ကမာရွတ်	သာကေတ
ဗိုလ်ချုပ်ဈေး	သုံးခွ
ပန်းဆိုးတန်း	တွံတေး

မန္တလေးတိုင်း

မန္တလေး(၁)	ကျောက်ပန်းတောင်း
မန္တလေး(၂)	ပြင်ဦးလွင်
မိတ္ထီလာ	မြင်းခြံ

နေပြည်တော်

နေပြည်တော်	

ပဲခူးတိုင်း

ပြည်	

ဧရာဝတီတိုင်း

ပုသိမ်	

မကွေးတိုင်း

ပခုက္ကူ(၁)	
ပခုက္ကူ(၂)	

စစ်ကိုင်းတိုင်း

မုံရွာ	

ရှမ်းပြည်နယ်

တောင်ကြီး	
မူဆယ်	

ကရင်ပြည်နယ်

ဘားအံ	
မြဝတီ	

မွန်ပြည်နယ်

မော်လမြိုင်	

ကယားပြည်နယ်

လွိုင်ကော်	

ရန်ကုန်တိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	လမ်းမတော်ဘဏ်ခွဲ	အမှတ် (၂၉၈)၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
၂။	ကန်တော်ကြီးဘဏ်ခွဲ	အခန်းအမှတ်(၁)၊ တိုက်အမှတ်(၆/က)၊ မြေညီထပ်၊ နတ်မောက်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၃။	ကမာရွတ်ဘဏ်ခွဲ	အမှတ်(၃)၊ တိုက်(E)၊ စံပယ်လမ်း၊ (၆) ရပ်ကွက် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၄။	ဝိုလ်ချုပ်ဈေး(ဘဏ်ခွဲငယ်)	ဆိုင်ခန်းအမှတ်(၃၀)၊ ဝိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၅။	မြောက်ဒဂုံဘဏ်ခွဲ	မြေကွက်အမှတ်(၁၀၇၈/၁၀၈၉)၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
၆။	သုံးခွဘဏ်ခွဲ	ဆိုင်ခန်းအမှတ်(1D/2D)၊ သုံးခွကားကြီးကွင်း၊ အောင်ဇေယျလမ်း၊ အမှတ် (၉) ရပ်ကွက်၊ သုံးခွမြို့။
၇။	တွံတေးဘဏ်ခွဲ	အမှတ်(၉၀၇)၊ ဝိုလ်ချုပ်လမ်း၊ အိုးဘိုရပ်ကွက်၊ တွံတေးမြို့နယ်။
၈။	သာကေတဘဏ်ခွဲ	အမှတ်(၁၂၉၀)၊ မြေညီထပ် (ညာခြမ်း)၊ ထူပါရုံ(၁)အရှေ့ရပ်ကွက် (၇) ဈေးရှေ့၊ သာကေတမြို့။

* ဝိုလ်ချုပ်ဈေး (ဘဏ်ခွဲငယ်) သည် တနလ်ာနေ့တိုင်း ပိတ်ပါသည်။ *

မန္တလေးတိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	မန္တလေးဘဏ်ခွဲ (၁)	အမှတ် (၅၉၈)၊ (၈၃) လမ်း၊ (၂၇ × ၂၈) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၂။	မန္တလေးဘဏ်ခွဲ (၂)	အမှတ်(၅၂၉)၊ (၃၉) လမ်း၊ (၈၀ × ၈၁) လမ်းကြား၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၃။	မိတ္ထီလာဘဏ်ခွဲ	အောင်ဇေယျာရပ်ကွက်၊ ရန်ကုန် - မန္တလေးလမ်း၊ မိတ္ထီလာမြို့။
၄။	မြင်းခြံဘဏ်ခွဲ	အမှတ်(၁၈၅)၊ (၄၄) လမ်း၊ (၈) ရပ်ကွက်၊ မြင်းခြံမြို့။
၅။	ကျောက်ပန်းတောင်းဘဏ်ခွဲ	အမှတ်(၄၄)၊ ဘူတာရုံလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။
၆။	ပြင်ဦးလွင်ဘဏ်ခွဲ	အမှတ်(၉၆ / ခ)၊ ရပ်ကွက်ကြီး (၁၀)၊ (ပ) ရပ်ကွက်၊ ချယ်ရီလမ်းနှင့် ရတနာလမ်းထောင့်၊ ပြင်ဦးလွင်မြို့။

နေပြည်တော်တိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	နေပြည်တော်ဘဏ်ခွဲ	အမှတ် (၂)၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်(မြောက်ပိုင်း)။

ပဲခူးတိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	ပြည်ဘဏ်ခွဲ	ဝိုလ်ချုပ်လမ်း၊ ပြည်ရတနာရပ်ကွက်၊ ရွာဘဲအရှေ့ရပ်၊ ပြည်မြို့။

ရောဝတီတိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	ပုသိမ်ဘဏ်ခွဲ	အမှတ်(၄၈)၊ ကုန်သည်လမ်း၊ (၄)ရပ်ကွက်၊ ပုသိမ်မြို့။

စစ်ကိုင်းတိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	မုံရွာဘဏ်ခွဲ	ပြည်ထောင်စုလမ်းနှင့် ကုန်စည်ဒိုင်လမ်းထောင့်၊ ကားလေးဝန်း(မြောက်ဘက်)၊ မုံရွာတောင်ပိုင်း၊ မုံရွာမြို့။

မကွေးတိုင်းဒေသကြီး တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	ပခုက္ကူဘဏ်ခွဲ (၁)	အမှတ် (၁၁)ရပ်ကွက်၊ မြိုင်လမ်း၊ ပခုက္ကူတက္ကသိုလ်အနီး၊ ပခုက္ကူမြို့။
၂။	ပခုက္ကူဘဏ်ခွဲ (၂)	အမှတ် (၁)၊ တန်ဆောင်တိုင်လမ်းနှင့် ပန်းစွယ်လမ်းထောင့်၊ (၈)ရပ်ကွက်၊ ပခုက္ကူမြို့။

ရှမ်းပြည်နယ် တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	တောင်ကြီးဘဏ်ခွဲ	အမှတ်(၈၈/ခ)၊ စပ်စံထွန်းလမ်းနှင့် စံပယ်ဖြူလမ်းထောင့်၊ ဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့။
၂။	မူဆယ်ဘဏ်ခွဲ	လေ့ကျင့်ရေးဂေါက်ကွင်း၊ မြို့အဝင်ဌာနဆိုင်ရာစုပေါင်းရုံးများအနီး၊ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့။

ကရင်ပြည်နယ် တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	ဘားအံဘဏ်ခွဲ	အမှတ် (၆၉)၊ ဗိုလ်ချုပ်လမ်း၊ (၂) ရပ်ကွက်၊ ဘားအံမြို့။
၂။	မြဝတီဘဏ်ခွဲ	အမှတ် (၅၃/က)၊ အာရှလမ်းမကြီး (ဘုရင့်နောင်လမ်းမကြီး)၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့။

မွန်ပြည်နယ် တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	မော်လမြိုင်ဘဏ်ခွဲ	အမှတ် (၆၇၅)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့။

ကယားပြည်နယ် တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘဏ်ခွဲများ

စဉ်	ဘဏ်ခွဲအမည်	ဘဏ်ခွဲလိပ်စာ
၁။	လွိုင်ကော်ဘဏ်ခွဲ	အမှတ် (၃၃)၊ အမှတ်(၄)လမ်းမကြီး၊ ဈေးပိုင်းရပ်ကွက်၊ ဥတ္တရာရုံကျောင်းကုန်း၊ လွိုင်ကော်မြို့။

ဘဏ်ဝန်ဆောင်မှုများ

ချေးငွေဝန်ဆောင်မှုများ (Loan)

စဉ်	ချေးငွေအမျိုးအစား	အတိုးနှုန်း	စဉ်	ချေးငွေအမျိုးအစား	အတိုးနှုန်း
၁။	ရိုးရိုး Loan ချေးငွေ (Commercial Loan)	၉%	၉။	အငှားဝယ်ယူမှု ချေးငွေ (Hire Purchase)	၉% ၊ ၅% ၊ ၅%
၂။	စာရင်းပိုထုတ်ချေးငွေ (Overdraft Loan)	၉%	၁၀။	အချိန်ကာလအပိုင်းအခြားချေးငွေ (Term Loan)	၉%
၃။	အာမခံ ချေးငွေ (CGI Loan)	၁၀.၅%	၁၁။	အာမခံအပေါင်ပစ္စည်းချေးငွေ (Mortgage Loan)	၁၀%
၄။	JICA အာမခံ ချေးငွေ (CGI-JICA Loan)	၅.၅%	၁၂။	တင်ဒါစီမံကိန်းချေးငွေ (Tender Project Loan)	၁၄.၅%
၅။	အပေါင်မဲ့ချေးငွေ (CFB Loan)	၁၂% မှ ၁၃.၅%	၁၃။	စီမံကိန်းချေးငွေ (Tender Project Loan)	၉% မှ ၁၃.၅%
၆။	ဝန်ထမ်းချေးငွေ (Staff Loan)	၉%	၁၄။	သဘာဝအစိမ်းရောင်စီမံကိန်းချေးငွေ (Green Financing Loan)	၉%
၇။	ပညာရေးချေးငွေ (Education Loan)	၉%	၁၅။	IT ဝန်ထမ်းချေးငွေ (IT Loan)	၁၃.၅%
၈။	JICA ချေးငွေ (JICA Two Step Loan)	၅.၅%	၁၆။	ကုန်ထုတ်လုပ်မှု ချေးငွေ (Manufacturing Loan)	၅.၅%

အပ်ငွေဝန်ဆောင်မှုများ (Deposit)

စဉ်	အပ်ငွေအမျိုးအစား	အတိုးနှုန်း	မှတ်ချက်
			(ကျပ်)
၁။	ငွေစုဘဏ်ငွေ (Saving Deposit)	၀.၂၅%	
၂။	ခေါ်ယူအပ်ငွေ (Call Deposit)	၂%	သိန်း(၅၀၀)အောက် အပ်နှံပါက
		၄%	သိန်း(၅၀၀)အထက် အပ်နှံပါက
၃။	အထူးခေါ်ယူအပ်ငွေ (Special Call Deposit)	၇%	
၄။	အချိန်ပိုင်းအပ်ငွေ (Fixed Deposit)	၆.၂၅%	(၁)လ
		၇.၄၀%	(၃)လ
		၇.၇၅%	(၆)လ
		၈.၀၀%	(၉)လ
		၉.၀၀%	(၁၂)လ
		၉.၂၅%	(၂၄)လ
		၉.၃၅%	(၃၆)လ

၉။ ဘဏ်၏ရှေ့လုပ်ငန်းစဉ်များတင်ပြချက်

(၁) ထုတ်ချေးပြီးသော ချေးငွေများမှ အတိုး၊အရင်းနှင့်အခြားဝန်ဆောင်စရိတ် များ ပုံမှန်ကောက်ခံရရှိရေး။

(၂) ဘဏ်၏ပုံရိပ် မြှင့်တင်ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများပိုမိုတိုးတက်ကောင်း မွန်စေရေး။

(၃) အရည်အသွေးပြည့်မီသော ချေးငွေအသစ်များထုတ်ချေးနိုင်ရေး။

(၄) ချေးငွေများအား စဉ်ဆက်မပြတ် စောင့်ကြည့်အကဲဖြတ်ဆောင်ရွက်ရေး။

(၅) NPL ဖြစ်ပေါ်နေသော ချေးငွေအမှုတွဲများအား အမြန်ဆုံးကောက်ခံ သွား ရေးနှင့် လိုအပ်ပါကအမြန်ဆုံး တရားစွဲဆိုသွားနိုင်ရေးအတွက် ဆောင် ရွက်နိုင်ရေး။

(၆) Digital Transformation လုပ်ငန်းစဉ်များအား ခေတ်နှင့် အညီ အချိန်ကိုက် ဆောင်ရွက်သွားရေး။

(၇) Capital တိုးမြှင့်စေရေးအတွက် New Share များထုတ်၍ ရောင်းချနိုင်ရေး၊ Share တန်ဖိုးအား ကျပ်(၅၀,၀၀၀)သို့ လျော့ချ ရောင်းခြင်းနှင့် Share တန်ဖိုး ကျပ် (၂၁) ဘီလီယံ အထိ ထပ်မံတိုးမြှင့်ရောင်းချခြင်း

(၈) တရားစွဲဆိုထားသော ချေးငွေအမှုကိစ္စများ အမြန်ဆုံးပြီးပြတ်ဆောင်ရွက် နိုင်စေရေး။

(၉) ဘဏ်၏ ကော်ပိုရိတ် အုပ်ချုပ်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်ရေး တွန်းအား ပေး ဆောင်ရွက်သွားခြင်း။

(၁၀) ခေတ်မီတိုးတက်သော အရည်အချင်းပြည့်မီသော ဝန်ထမ်းကောင်းများလေ့ကျင့်မွေးထုတ်လျက် Bank ရှယ်ယာရှင်များအတွက် အကျိုးအမြတ်ရရှိစေသော အခြေအနေဖန်တီးကြိုးစားရန်။

(၁၁) နိုင်ငံ့ဝန်ထမ်းများ ပုဂ္ဂလိက လုပ်ငန်းဝန်ထမ်းများအားလူမှုရေးရာအထောက် အကူ ဖြစ်စေသောသက်သာချောင်ချိရေးအထောက်အပံ့ လစာ၃လချေး ငွေများ ထုတ်ပေးခြင်း လူစွမ်းအားအရင်းအမြစ်အကျိုး ပြုလုပ်ငန်းများ။



Road Map

2025

- စီးပွားဖြစ်ရန် အမြတ်အစွန်း ရရှိရန် မဖြစ်မနေ အကောင်အထည်ဖော် ဆောင် ရွက်ရန်
- လက်တွေ့တွင် ထင်သာမြင်သာရှိသည့် စွမ်းဆောင်ချက်များဖြင့် ဦးတည်ချက် ပြည့်မီအောင် တိကျသော တာဝန်ယူမှုရှိရန်ဖြစ်သည်။

2024

- New share ရောင်းချရန် စျေးကွက်ထိုးဖောက်ခြင်း
- Digital online payment system ခေတ်မီနည်းပညာများဖြင့် Banking Professional Services အကောင်အထည်ဖော်ခြင်း
- Deposit Money Investment အခိုင်အမာများစွာရရှိရန် စည်းရုံးဆောင်ရွက်ခြင်း
- PG ကဲ့သို့အခြားဝန်ဆောင်မှုလုပ်ငန်းသစ်များမှ Bank income ဝင်ငွေရစေသော အခြေအနေ ရှာဖွေဖန်တီးခြင်း

2023

- NPL ကျဆင်းပြီး မိမိ SMED Bank မှ ဆုံးရှုံးနိုင်ချေများကို နည်းစနစ် မဟာဗျူဟာချမှတ် ကောက်ခံ ငွေဖော်ခြင်း
- ချေးငွေပြန်မဆပ်သော တာဝန်မဲ့သူများ ငွေကြေးလိမ်လည်မှုများကို Legal Department မှ ကြပ်မတ်အရေးယူခြင်း
- မိမိ Bank တွင်း ဖွဲ့စည်းပုံအုပ်ချုပ်ရေး၊ ကြီးကြပ်ရေးဆိုင်ရာ New Reform, New format, HRM Teamwork ပြန်လည် ဖွဲ့စည်းတည်ဆောက်ခြင်း။

၁၀။ ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များတင်ပြချက်

ဘဏ်၏မတည်ငွေရင်း

ဘဏ်၏ခွင့်ပြုမတည်ငွေရင်း (Authorized Capital)အား ဘဏ်ဖွင့်လှစ်စဉ်က အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းတန် အစုပေါင်း (၄,၀၀၀)၊ ကျပ်သန်း (၂,၀၀၀)ဖြင့် စတင်ခဲ့သော်လည်း ယခုအခါ ကျပ်သန်းပေါင်း (၅၀,၀၀၀)အထိ တိုးမြှင့်ခဲ့ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ်(၅)သိန်းတန် အစုရှယ်ယာပေါင်း (၁၀၀,၀၀၀) သို့တိုးမြှင့်ထားပါသည်။ ၂၀၂၃ခုနှစ်မတ်လ (၃၁)ရက်နေ့အထိ ရှယ်ယာရှင် (၈၃၀)ဦးသို့အစုရှယ်ယာ (၆၃,၃၅၃)စု ရောင်းချခဲ့ပြီးဖြစ်၍ ထည့်ဝင်ပြီး မတည်ငွေရင်းမှာ ကျပ်သန်း(၃၁,၆၇၇) ရှိပါသည်။

ဘဏ်၏ Shareholder ပိုင်ဆိုင်မှုဖော်ပြချက်



စုစုပေါင်းဘဏ်၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း ပိုင်ဆိုင်မှု တန်ဖိုးမှာ ငွေကျပ်သန်း (၂၇,၉၂၀) ဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

အမျိုးအမည်	၂၀၁၈- ၂၀၁၉	၂၀၁၉- ၂၀၂၀	၂၀၂၀- ၂၀၂၁	၂၀၂၁- ၂၀၂၂	၂၀၂၂- ၂၀၂၃
မြေနှင့်အဆောက်အဦးရင်းနှီးမြှုပ်နှံပိုင်ဆိုင်မှု	၂၀,၉၁၉	၂၂,၈၁၂	၂၃,၉၂၄	၂၄,၈၄၄	၂၄,၉၂၁
စက်ပစ္စည်းနှင့်အခြားဆက်စပ်ပစ္စည်းများ	၄၅၃	၅၀၂	၄၈၁	၅၅၂	၄၈၉
ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ	၅၂၈	၂,၁၀၂	၂,၃၁၆	၂,၂၉၈	၁၉၂၅
မော်တော်ယာဉ်	၅၂၁	၅၀၄	၅၇၄	၅၀၄	၄၄၆
ပရိဘောဂပစ္စည်းများ	၁၁၄	၁၃၁	၁၁၄	၁၃၉	၁၃၉
စုစုပေါင်း	၂၂,၅၃၅	၂၆,၀၅၁	၂၇,၄၃၈	၂၈,၃၃၇	၂၇,၉၂၀

(၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်

၂၀၂၃ ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ စုစုပေါင်းအခွန်မနှုတ်မီ အမြတ်ကျပ်သန်းပေါင်း(၂၂၅)ဖြစ်ပြီး အခွန်စည်းကြပ်ထိုက်သည့်ငွေမှာ ကျပ်သန်း(၂,၂၉၁)အရှုံးဖြစ်ပေါ်နေပါသဖြင့် ဝင်ငွေခွန် (၂၂%)လျာထားခြင်း မပြုခဲ့ပါ။ အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေးဆောင်ရမည့် အခွန်ငွေ ကျပ်(၁၄)သန်းသာ လျာထားခဲ့ပါသည်။

(က)အထွေထွေသီးသန့်ရန်ပုံငွေ (General Reserve)

နှစ်အလိုက် ဘဏ်မှရရှိသော အမြတ်မှ (၂၅%) ကို အထွေထွေ သီးသန့်ရန်ပုံငွေ အဖြစ် ချန်ထားရပါမည်။ ထိုသို့ချန်ထားရမည့်ငွေမှာ ကျပ်သန်း(၅၂)သန်း ဖြစ်ပါသည်။ ယခုနှစ်ထိ စုစုပေါင်း အထွေထွေ သီးသန့်ရန်ပုံငွေမှာ ကျပ် သန်းပေါင်း (၁၀,၂၃၃) ဖြစ်ပါသည်။

(ခ)အထွေထွေလျာထားငွေ(ချေးငွေ) (General Provision-Loan)

ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ချေးငွေအတွက်လျာထားငွေမှာ လျာထားရန်ပြည့်မီနေသည့်အတွက် ထပ်မံလျာထားရန်မလိုအပ်ပါ။ ယခုထိ စုစုပေါင်း ချေးငွေအတွက်လျာထားမှု ရန်ပုံငွေမှာ ကျပ်သန်းပေါင်း (၄,၂၄၂)ဖြစ်ပါသည်။

(ဂ)အရေးပေါ်သီးသန့်ရန်ပုံငွေ (Reserve for Contingency)

ပုဂ္ဂလိကဘဏ်တိုင်းသည် အရေးပေါ်ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေစာရင်းဖွင့်လှစ်ထားရှိပြီး ဘဏ်၏ ငွေကြေးအခြေအနေ အရ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေထည့်သွင်းသွားရန် ဗဟိုဘဏ်မှ ညွှန်ကြားထားပါသည်။ ယခုနှစ်တွင် ထပ်မံခွဲဝေလျာထားခြင်း မပြုခဲ့ပါသဖြင့် စုစုပေါင်း အရေးပေါ်သီးသန့်ရန်ပုံငွေမှာ ကျပ်သန်းပေါင်း(၁၈၈) ဖြစ်ပါသည်။

နှစ်အလိုက်ဘဏ်၏အမြတ်အခြေအနေနှင့် အခွန်ထမ်းဆောင်မှုအခြေအနေ

(၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၏ အရှုံးအမြတ် စာရင်းတွင် အတိုးဝင်ငွေ နှင့် ကော်မရှင်မှရသော စုစုပေါင်းဝင်ငွေ ကျပ်သန်း (၂၁,၇၁၉) တွင် Foreign Exchange Gain ကျပ်သန်း (၂,၅၄၃)ကိုခုနှိမ်ပါက ဝင်ငွေခွန် တွက်ချက်ရမည့်ဝင်ငွေမှာ ကျပ်သန်း (၁၉,၁၇၆)ဖြစ်ပါသည်။ စုစုပေါင်းစရိတ် ကျပ်သန်း(၂၁,၄၉၄) တွင် အခြေပစ္စည်းရောင်းရငွေမှ အရှုံး ကျပ်(၂၆) သန်း ကို ခုနှိမ်ပါက ဝင်ငွေခွန်တွက်ချက်မည့် စရိတ်မှာ ကျပ်သန်း(၂၁,၄၆၇)ဖြစ်ပါသည်။ ဝင်ငွေခွန် တွက်ချက်မည့် ဝင်ငွေနှင့် ဝင်ငွေခွန် တွက်ချက်မည့် စရိတ်တို့ကို ခုနှိမ်ပါက ဝင်ငွေခွန် တွက်ချက်ရမည့်ငွေမှာ ကျပ်သန်း (၂,၂၉၂) အရှုံး ဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ပါ၍ ယခု (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန် ပေးဆောင်ရန် လျာထားခြင်းမရှိပါ။

အဆိုပါ ဝင်ငွေခွန်တွက်ချက်ရမည့် ဝင်ငွေကျပ်သန်း (၂,၂၉၂) အရှုံးတွင် Foreign Exchange Gain/ Loss နှင့် အခြေပစ္စည်း ရောင်းချငွေပေါ်အခွန်ပေးဆောင်ငွေအား ထည့်သွင်း တွက်ချက်ပါက ကျပ်သန်း (၂၂၅) အမြတ် ဖြစ်ပေါ်ပါသည်။

(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် အထိ ရရှိခဲ့သည့် အမြတ်ငွေနှင့် အခွန်ထမ်းဆောင်ခဲ့မှု အခြေအနေ

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	၂၀၁၈- ၂၀၁၉	၂၀၁၉- ၂၀၂၀	၂၀၂၀- ၂၀၂၁	၂၀၂၁- ၂၀၂၂	၂၀၂၂- ၂၀၂၃
အခွန်မဆောင်မီ အမြတ်ငွေ (ကျပ်သန်းပေါင်း)	၁,၄၂၉	၇၇၇	၂,၈၆၈	-၆,၆၃၃	၂၂၅
အခွန်ထမ်းဆောင်မှု (ကျပ်သန်းပေါင်း)	၃၁၂	၄၂၂	-	-	-

ဘဏ်၏ငွေကြေးခိုင်မာမှုအခြေအနေနှင့်လုပ်ငန်းစွမ်းဆောင်ချက်များ

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၃၁.၃.၂၀၂၃)ရက်နေ့၌ ရှိသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့တင်ပြထားပြီး ဖြစ်သည့် အောက်တွင် ဖော်ပြထားသည့် ကိန်းဂဏန်းအမျိုးအစားအလိုက် ရာခိုင်နှုန်းအချိုးများကို ကြည့်ခြင်းအားဖြင့် ငွေကြေး အခြေအနေခိုင်မာမှု ရှိကြောင်း တင်ပြအပ်ပါသည်။

SR	RATIO	2022-2023
A	Capital Adequacy Ratio	Tier (1) 12.45% Tier (2) 13.70%
B	Liquidity Ratio	24%
C	Cash & Cash Equivalent to Total Deposit Ratio	38.65%
D	Loan to Deposit Ratio Loan to Deposit Ratio (NON-JICA)	120.90% 92.29%
E	Assets to Liabilities Ratio	1.17 : 1
F	Return to Assets (ROA)	0.08%
G	Return On Equity (ROE)	0.53%
H	Shareholder's Equity	42,794



12.45%
Tier (1) CAR



13.70%
Tier (2) CAR

ရှင်းလင်းချက်

အမှတ်စဉ် A တွင်

မတည်ငွေရင်း (ထည့်ဝင်ပြီးမတည်ငွေရင်း + သီးသန့်ရန်ပုံငွေ + အမြတ်) စုစုပေါင်း ကျပ်သန်း (၃၁,၁၈၃) အပေါ်တွင် ဆုံးရှုံးနိုင်ချေ ရှိသော ရရန်ပိုင်ခွင့် တန်ဘိုး ကျပ်သန်း(၂၂၇,၆၁၇)၏ အချိုးမှာ (၁၃.၇၀%) ဖြစ်ပါသည်။ ၎င်းအချိုးမှာ ဗဟိုဘဏ်မှ အနည်းဆုံး (၈%) ထက် မနည်း စေရန် သတ်မှတ်ထားသည့် အတွက် ပြည့်မီလျက်ရှိကြောင်း တွေ့ရှိ ရပါသည်။

အမှတ်စဉ် B တွင်

၂၀၂၃ခုနှစ် မတ်လ(၃၁)ရက်နေ့ရှိ ငွေကြေးလွယ်ကူမှု အချိုးသည် ဘဏ်၏ငွေဖြစ်လွယ်သောရပိုင်ခွင့်များ ကျပ်သန်း (၄၁,၀၇၆) ပေါ်တွင် လက်ငင်း ပေးရန်တာဝန် ကျပ်သန်း(၁၇၁,၁၆၃)တို့၏အချိုး မှာ (၂၄%) ဖြစ်သည့်အတွက် ဗဟိုဘဏ် ၏ သတ်မှတ်ချက် ၂၀% ထက် ပြည့်မီလျက်ရှိကြောင်း တွေ့ရှိ ရပါသည်။

အမှတ်စဉ် C တွင်

လက်ဝယ်ရှိသော ငွေနှင့် အလားတူ ပိုင်ဆိုင်ငွေ ကျပ်သန်း (၅၈,၆၈၄)နှင့် စုစုပေါင်း အပ်ငွေ ကျပ်သန်း (၁၅၁,၈၅၁)တို့ကို တွက်ချက်၍ ရရှိသောအချိုးမှာ (၃၈.၆၅%) ဖြစ်ပါသည်။

အမှတ်စဉ် D တွင်

စုစုပေါင်းချေးငွေကျပ်သန်း (၁၈၆,၁၂၇) တွင်အာမခံပစ္စည်းလျော့နည်းမှုအတွက် လျာထားငွေကျပ်သန်း (၂,၅၄၂)ကိုနှတ်ပယ်၍ကျပ်သန်း(၁၈၃,၅၈၅) နှင့် စုစုပေါင်းအပ်ငွေကျပ်သန်း (၁၅၁,၈၅၁)ဖြစ်၍ ရာခိုင်နှုန်းအားဖြင့် (၁၂၀.၉၀%) ရှိပါသည်။ JICA ချေးငွေမပါဝင်ပါက ရာခိုင်နှုန်းအားဖြင့် ၉၂.၂၉% ရှိပါသည်။

အမှတ်စဉ် E တွင်

စုစုပေါင်းရပိုင်ခွင့်ကျပ်သန်း (၂၉၂,၅၃၆)နှင့် စုစုပေါင်းပေးရန်တာဝန် ကျပ်သန်း(၂၄၉,၇၄၁)ဖြစ်၍ (၁.၁၇ : ၁)ရှိပါသည်။

အမှတ်စဉ် H တွင်

အစုရှယ်ယာရှင်များသည် အစုရှယ်ယာ တစ်စုအတွက် တန်ဘိုးကျပ် (၅)သိန်းပိုင်ဆိုင်သဖြင့် ယခု ၆လ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော တန်ဘိုးစုစုပေါင်းမှာ ကျပ်သန်း(၄၂,၇၉၄)ဖြစ်၍ အစုရှယ်ယာ အရေအတွက်မှာ (၆၃,၃၅၃)ရှိသဖြင့် လက်ရှိအစုရှယ်ယာ တစ်စုလျှင် ကျပ်(၆၇၅,၄၈၅) တန်ဘိုးရှိနေပြီး အစုရှယ်ယာတစ်စုအတွက် ရရှိပြီးသော အကျိုးအမြတ်ငွေမှာ ကျပ် (၁,၆၈၅,၇၅၀) ဖြစ်ပါ သည်။

ဘဏ္ဍာနှစ်များအလိုက် ဘဏ်၏အပ်ငွေ အခြေအနေ

(၂၀၁၈ - ၂၀၁၉) ဘဏ္ဍာရေးနှစ်မှ (၂၀၂၂ - ၂၀၂၃) ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် အပ်နှံငွေ အမျိုးအစား အလိုက်အခြေအနေများကို အောက်ပါဇယားများတွင်ဖော်ပြထားပါသည်။

(ကျပ်သန်းပေါင်း)

အပ်ငွေအမျိုးအစား	၂၀၁၈- ၂၀၁၉	၂၀၁၉- ၂၀၂၀	၂၀၂၀- ၂၀၂၁	၂၀၂၁- ၂၀၂၂	၂၀၂၂- ၂၀၂၃
စာရင်းရှင်အပ်ငွေ	၁၇,၀၆၈	၁၁,၄၈၆	၁၇,၃၂၈	၁၃,၃၂၆	၁၀,၅၈၀
ငွေစုဘဏ်အပ်ငွေ	၄၆,၁၄၂	၅၀,၅၃၉	၆၃,၆၂၆	၆၇,၃၂၅	၄၆,၂၁၉
အချိန်ပိုင်းအပ်ငွေ	၉၀,၈၃၉	၁၃၂,၀၄၀	၁၃၆,၁၈၃	၉၈,၅၆၇	၈၄,၈၆၂
ခေါ်ယူအပ်ငွေ	၁,၃၅၃	၃,၃၁၃	၁,၉၀၇	၆,၀၀၃	၁၀,၁၉၀
စုစုပေါင်း	၁၅၅,၄၀၂	၁၉၇,၃၇၈	၂၁၉,၀၄၄	၁၈၅,၂၂၁	၁၅၁,၈၅၁

ဘဏ္ဍာနှစ်အလိုက် အပ်ငွေ အခြေအနေပြပုံ



ဘဏ်၏ချေးငွေ အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်	လုပ်ငန်းအမျိုးအစား	၂၀၁၈-၂၀၁၉		၂၀၁၉-၂၀၂၀		၂၀၂၀-၂၀၂၁		၂၀၂၁-၂၀၂၂		၂၀၂၂-၂၀၂၃	
		ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)	ပါဝင်မှု %	ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)	ပါဝင်မှု %	ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)	ပါဝင်မှု %	ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)	ပါဝင်မှု %	ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)	ပါဝင်မှု %
၁.	စက်မှုလုပ်ငန်း	၃၁,၃၈၉.၈၄	၁၉.၆၄	၂၇,၈၄၈.၈၈	၁၃.၈၇	၃၉,၁၁၉.၀၇	၁၈.၄၄	၃၈,၇၁၆.၂၅	၁၉.၇၃	၄၄,၁၀၅.၉၀	၂၄.၀၈
၂.	ကုန်သွယ်မှုလုပ်ငန်း	၄၂,၃၆၈.၁၅	၂၆.၅၁	၆၂,၁၁၈.၁၀	၃၀.၉၅	၇၇,၃၃၃.၂၅	၃၆.၄၆	၆၃,၆၆၆.၆၃	၃၂.၄၄	၃၂,၀၃၇.၈၄	၁၇.၄၉
၃.	ဝန်ဆောင်မှုလုပ်ငန်း	၅,၈၉၂.၁၇	၃.၆၉	၁၆,၂၁၀.၄၃	၈.၀၈	၁၇,၅၉၃.၀၇	၈.၂၉	၁၆,၇၈၉.၁၇	၈.၅၆	၁၄,၁၀၃.၈၈	၇.၇၀
၄.	သယ်ယူပို့ဆောင်ရေးလုပ်ငန်း	၃၅၈.၉၈	၀.၂၂	၃၅၉.၄၇	၀.၁၈	၃၅၉.၈၀	၀.၁၇	၃၅၂.၄၂	၀.၁၈	၃၅၂.၄၂	၀.၁၉
၅.	ဆောက်လုပ်ရေးလုပ်ငန်း	၁,၈၉၉.၈၂	၁.၁၉	၁,၉၃၇.၉၄	၀.၉၇	၁,၉၅၁.၉၂	၀.၉၂	၃,၁၇၀.၈၅	၀.၆၂	၈,၅၂၈.၀၄	၄.၆၆
၆.	မွေးမြူရေးလုပ်ငန်း	-	-	-	-	-	-	-	-	-	-
၇.	ဟိုတယ်လုပ်ငန်း	၁၅,၂၇၃.၀၁	၉.၅၆	၁၇,၈၇၉.၆၃	၈.၉၁	၁၈,၇၀၆.၀၂	၈.၈၂	၁၉,၀၁၈.၂၆	၉.၆၉	၁၆,၅၆၄.၆၁	၉.၀၅
၈.	အထွေထွေလုပ်ငန်း	၂၂၆.၃၁	၀.၁၄	၂၃၁.၉၄	၀.၁၂	၄၈၀.၅၃	၀.၂၃	၄၃၃.၂၈	၀.၂၅	၄၂၁.၂၇	၀.၂၃
၉.	SME	-	-	-	-	-	-	-	-	-	-
၁၀.	Hire Purchase	၂၉,၉၃၈.၅၉	၁၈.၇၃	၂၀,၅၆၃.၈၂	၁၀.၂၅	၈,၁၉၅.၄၄	၃.၈၆	၆,၆၉၅.၅၄	၃.၄၁	၄,၃၂၃.၃၂	၂.၃၆
၁၁.	JICA	၁၃,၀၇၀.၅၂	၈.၁၈	၂၅,၇၇၄.၄၉	၁၂.၈၄	၂၅,၃၉၉.၂၆	၁၁.၉၈	၂၅,၀၁၀.၃၇	၁၂.၇၃	၄၁,၅၅၆.၉၇	၂၂.၆၉
၁၂.	Staff Loan	၁၇,၈၆၇.၉၂	၁၁.၁၈	၁၅,၅၇၈.၅၉	၇.၇၆	၁၀,၈၃၁.၆၆	၅.၁၁	၈,၉၅၄.၉၄	၄.၅၆	၇,၅၅၃.၈၈	၄.၁၂
၁၃.	Education Loan	၄၆.၂၅	၀.၀၃	၂၄.၂၈	၀.၀၁	၁၀.၀၀	၀.၀၁	-	-	-	-
၁၄.	CFB Loan	၇,၂၄.၉၅	၀.၄၅	၁,၂၀၂.၈၈	၀.၆၀	၁,၀၅၂.၅၀	၀.၅၀	၈၆၄.၀၄	၀.၄၄	၆၈၄.၉၂	၀.၃၇
၁၅.	Project Loan	၇၆၈.၃၃	၀.၄၈	၁၀,၉၇၁.၉၀	၅.၄၇	၉,၁၄၅.၀၉	၄.၃၁	၁၀,၆၂၇.၅၉	၅.၄၁	၁၁,၀၀၄.၀၂	၆.၀၁
၁၆.	COVID Loan	-	-	-	-	၁,၉၂၀.၀၀	၀.၉၀	၁,၉၀၅.၀၀	၀.၉၇	၁,၈၉၀.၀၀	၁.၀၃
၁၇.	Inter Bank Lending	-	-	-	-	-	-	-	-	၃,၀၀၀.၀၀	၁.၆၁
	စုစုပေါင်း	၁၅၉,၈၂၄.၈၄	၁၀၀	၂၀၀,၇၀၂.၃၅	၁၀၀	၂၁၂,၀၉၅.၆၁	၁၀၀	၁၉၆,၂၅၄.၃၄	၁၀၀	၁၈၆,၁၂၇.၀၇	၁၀၀

ဘဏ်ချေးငွေအခြေအနေ

အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် အနေဖြင့် ဘဏ်ချေးငွေ များကို Small & Medium Enterprise များသို့ ဦးစားပေး၍ ဗဟို ဘဏ်၏ စည်းမျဉ်း ဥပဒေများနှင့် အညီ ချေးငွေများ ဦးစားပေး ထုတ်ချေးခဲ့ပါသည်။ (၂၀၂၂ - ၂၀၂၃) ဘဏ္ဍာရေးနှစ် အထိ ထုတ်ချေးခဲ့သော ချေးငွေ စုစုပေါင်းမှာ (၁၈၆,၁၂၇.၀၇) သန်းခန့်ဖြစ်ပြီး အသေးစိတ်အား အောက်ဖော်ပြပါ ဇယားအတိုင်း သိရှိ နိုင်ပါသည်။

JICA Two Steps Loan ချေးငွေအခြေအနေ

JICA (Two Steps Loan) ချေးငွေဖြင့် Phase-1 အစီအစဉ်အတွင်း လုပ်ငန်းရှင် (၁၃၃) ဦး၊ ကျပ် (၇၂.၆၁) ဘီလီယံကိုလည်းကောင်း၊ Phase-2 အစီအစဉ်အရ လုပ်ငန်းရှင် (၈၉) ဦးအတွက် ကျပ် (၃၅.၅၄) ဘီလီယံကို လည်းကောင်း၊ JICA Emergency Loan အစီအစဉ်အရ လုပ်ငန်းရှင် (၅၄) ဦးအတွက် ကျပ် (၅.၅၅) ဘီလီယံကို လည်းကောင်း ထုတ်ချေးခဲ့ပြီး ဆက်လက်၍ ထုတ်ချေး သွားမည်ဖြစ်ပါသည်။

ဘဏ္ဍာနှစ်အလိုက်ချေးငွေ အခြေအနေပြပုံ



(၂၀၁၈- ၂၀၁၉) ဘဏ္ဍာနှစ်မှ (၂၀၂၂- ၂၀၂၃) ဘဏ္ဍာနှစ်အထိ NPL Ratio Graph

NPL Ratio များသည် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် စီးပွားရေးအခက်အခဲများကြောင့် ဖြစ်ပေါ်လာခဲ့သည်ကို ဆန်းစစ် တွေ့ရှိခဲ့ပါသည်။ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်တွင် NPL Ratio မှာ (၃၁.၃၄%)ရှိပြီး (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်တွင်NPL Ratio မှာ (၃၀.၉၁%) ရှိကြောင်း တင်ပြအပ်ပါသည်။ အဆိုပါ NPL Ratio များကျဆင်းရေးအတွက် ဒါရိုက်တာအဖွဲ့၏ကြီးကြပ်မှုဖြင့် ဘဏ်၏ စီမံ ခန့်ခွဲရေးအဖွဲ့သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်မှုဖြင့် နည်းလမ်းမျိုးစုံ ချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။



အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်သည် (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်၏ အပ်ငွေပမာဏသာမက ဘဏ်၏ ချေးငွေ ပမာဏပါ ကျဆင်းလာခဲ့ပြီး ငွေသားရှားပါးမှုကို ဆက်လက်ရင်ဆိုင်ခဲ့ရသော်လည်း ကြံ့ကြံ့ခိုင်ရပ်တည်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် Minimum Reserve Requirement Ratio, Liquidity Ratio, Capital Adequacy Ratio စသည့် ဘဏ္ဍာရေးဆိုင်ရာ အချိုးများကို ပြည့်မီအောင် ထိန်းသိမ်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

T-24 Core Banking System ကိုလည်း အောင်မြင်စွာ စတင်အသုံးပြုနိုင်ခဲ့ပြီး ဘဏ်၏ လက်ရှိငွေအပ်နှံသူများ လျော့နည်း မသွားစေရေး ထိန်းသိမ်း ထားနိုင်ရန်နှင့် ငွေအပ်နှံသူ အသစ်များကို ဆွဲဆောင် နိုင်ရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး MPU Debit Card ကိုထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ MPU Credit Card နှင့် Mobile Banking ဝန်ဆောင်မှုနှင့် Digital SME Pay ဝန်ဆောင်မှုများကိုလည်း အမြန်ဆုံးဆောင်ရွက် ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ တစ်ဘက်တွင်လည်းဘဏ်၏ ဝင်ငွေ တိုးတက် ရရှိလာစေရေး အတွက် NPL ချေးငွေ များကို ကြိုးပမ်း ကောက်ခံလျက် ရှိသည့်အပြင် ချေးငွေအသစ်များကို လည်း ခိုင်မာသည့် MSMEs လုပ်ငန်းရှင်များသို့ စီစစ်ထုတ် ချေးလျက် ရှိပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ချမှတ် ထားသည့် ဥပဒေများ၊ နည်း ဥပဒေများကိုလည်း လိုက်နာဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

Registration Number: 180404422

SMALL & MEDIUM ENTERPRISES DEVELOPMENT BANK PUBLIC COMPANY LIMITED

(Incorporated in Republic of the Union of Myanmar)

AUDITED FINANCIAL STATEMENTS AND INDEPENDENT AUDITORS' REPORT FOR THE FINANCIAL YEAR ENDED 31 MARCH 2023

BY
JF GROUP
CERTIFIED PUBLIC ACCOUNTANTS AND AUDITORS

SMALL & MEDIUM ENTERPRISES DEVELOPMENT BANK PUBLIC COMPANY LIMITED

(Incorporated in Republic of the Union of Myanmar)

CORPORATE INFORMATION

CHAIRMAN:	Daw San San Yee
VICE CHAIRMANS	U Nyein Kyaw
DIRECTORS:	U Than Kyaw U Sein Thit Dr. Nyan Thit Hlaing U San Shwe Aung U Bo Bo Zaw Chit Hlaing U Nay Shwe Thwe Aung
CHIEF EXECUTIVE OFFICER	U Thu Ra
REGISTERED OFFICE:	No. 298, Coner of Anawrahtar Road & Wardan Street, No. 2 Quarter, Lanmadaw Township, Yangon Region, the Republic of the Union of Myanmar.
AUDITORS:	JF Group – Certified Public Accountants & Auditors

SMALL & MEDIUM ENTERPRISES DEVELOPMENT BANK PUBLIC COMPANY LIMITED
(Incorporated in Republic of the Union of Myanmar)

AUDITED FINANCIAL STATEMENTS ANDINDEPENDENT AUDITORS' REPORT
FOR THE FINANCIAL YEAR ENDED 31 MARCH 2023

CONTENTS	**PAGE**
DIRECTORS' REPORT	1 – 4
STATEMENT BY DIRECTORS	5
INDEPENDENT AUDITORS' REPORT	6 – 9
STATEMENT OF FINANCIAL POSITION	10
STATEMENT OF PROFIT OR LOSS AND OTHER COMPREHENSIVE INCOME	11
STATEMENT OF CHANGES IN EQUITY	12
STATEMENT OF CASH FLOWS	13
NOTES TO THE FINANCIAL STATEMENTS	14 – 38

SMALL & MEDIUM ENTERPRISES DEVELOPMENT BANK PUBLIC COMPANY LIMITED

(Incorporated in Republic of the Union of Myanmar)

DIRECTORS' REPORT

The Directors have pleasure in submitting their report and the audited financial statements of "Small & Medium Enterprises Development Bank Public Company Limited". ("the Bank") for the financial year ended 31 March 2023 as per Myanmar Companies Law Section - 261.

